# ဇွန်လ ၂၀၁၇ ခုနှစ်၊ လစဉ်အစီရင်ခံစာ

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၇ ခုနှစ်၊ ဇွန်လကုန်တွင် မြန်မာနိုင်ငံ တွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားရသူ ၂၁၂ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေး အကျဉ်းသား စုစုပေါင်း ၄၁ ဦး အကျဉ်းကျခံနေရပြီး တက်ကြွလှုပ်ရှားသူ ၄၉ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရ ကာ ၁၂၂ ဦးသည် ထောင်ပြင်ပမှနေ၍ တရား ရင်ဆိုင်နေရ သည်။



ဓာတ်ပုံ ဒီဗွီဘီ
ဇွန်လ ၂၀၁၇ ခုနှစ်


**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org



အေအေပီပီ၏ အင်တာနက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

အေအေပီပီ၏လူမှုကွန်ရက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

အေအေပီပီ၏ တွစ်တာစာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

# မာတိကာ

နိုင်ငံရေးအကျဉ်းသားများ....3

- ဖမ်းဆီးခံရခြင်းများ....3
- တရားစွဲဆိုခံရခြင်းများ....4
- ထိန်းသိမ်းခံရခြင်းများ....6
- တရားရင်ဆိုင်ရခြင်းများ....7
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ....8
- ထောင်တွင်းအခြေအနေများ....9
- ထောင်မှလွတ်မြောက်မှုများ....10
- နိုင်ငံရေးအကျဉ်းသားဟောင်းများ....12

နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ....14

ဥပဒေပြုရေးနှင့် မူဝါဒရေးဆိုင်ရာ တိုးတက်မှုများ....21

အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links....22

# နိုင်ငံရေးအကျဉ်းသားများ

## ▪ ဖမ်းဆီးခံရခြင်းများ

**အာမခံရုပ်သိမ်းပြီးနောက် လယ်သမားများနှင့် တက်ကြွလှုပ်ရှားသူများအား ဖမ်းဝရမ်းထုတ်**

ဇွန်လ ၁ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တရားရုံးမှ လယ်သမား ၁၂ ဦးနှင့် လယ်သမားအရေးလှုပ်ရှားသူနှစ်ဦး တို့အား ဖမ်းဝရမ်းထုတ်ခဲ့သည်။ ၎င်းတို့သည် သိမ်းဆည်းခံလယ်ယာမြေများအတွက် ထွန်တုံး တိုက်ပွဲဝင်ခဲ့သောကြောင့် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် ဖမ်း ဆီးခံခဲ့ရပြီး အာမခံဖြင့်လွတ်မြောက်ခဲ့သည်။ လုပ်ထုံးလုပ်နည်းများအတိုင်း တရားရုံးမှ ဖမ်းဝရမ်းထုတ်ခဲ့ခြင်းဖြစ်သည်။ ဥပဒေနှင့်အညီ ဖမ်းဝရမ်းထုတ်ခြင်းဖြစ်သော်လည်း အမှုစတင်ကတည်းက ဥပဒေပိုင်းဆိုင်ရာ အရေးယူဆောင်ရွက်မှုသည် မျှတခြင်းမရှိဟု လယ်သမားများအားလိုက်ပါ ဒေ ဆောင်ရွက်ပေးနေသော ရှေ့ဒေ နမှ ပြောကြား ခဲ့သည်။
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ အီလဲဗင်း]

**စစ်တပ်မှဖမ်းဆီးသွားသော ကျေးရွာသား၁၃ ဦးအနက် လေးဦး လွတ်မြောက်၊ တစ်ဦး သေဆုံး**

ဇွန်လ ၂၇ ရက်နေ့တွင် စစ်တပ်မှ ရှမ်းပြည်နယ်၊ နမ့်ဆန်မြို့နယ်မှ မန်လန်းကျေးရွာဥက္ကဌအပါအဝင် ရွာသား ၁၃ ဦးအား ဖမ်းဆီးသွားခဲ့သည်။ ၎င်းတို့ သည် စစ်တပ်နှင့် တအာင်းလွတ်မြောက်ရေးတပ်မတော် (TNLA) တို့ကြား တိုက်ပွဲများဖြစ်ပွားနေသည်ကို ၎င်းတို့၏ ဖုန်းများဖြင့် ဗွီဒီယိုရိုက်ခဲ့ခြင်းအတွက် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ဇွ န်လ ၂၈ ရက်နေ့တွင် မန်လန်းကျေးရွာဥက္ကဌ ဦးကျော်စိုးနှင့် ရွာသား သုံးဦး လွတ်မြောက်လာခဲ့သည်။ စိတ်ဝေဒနာခံစားနေရသော ရွာသားတစ်ဦးဖြစ်သူ ကိုအပြောသည် စစ်ဆေးမေးမြန်းခံခဲ့ရပြီးနောက် သေဆုံးသွားခဲ့ကြောင်း ဦးကျော်မင်းမှ ပြောကြားခဲ့ သည်။ ဖမ်းဆီးသွားချိန်တွင် သာမန်အရပ်သားအဝတ်အစား ဝင်ဆင်ထားသော ကိုအပြောကို အလောင်းပြန်တွေ့ချိန်၌ TNLA တပ်သားဝတ်စုံဖြင့် တွေ့ခဲ့ရသည်ဟု မန်လန်းရွာသားများမှ ပြောကြားခဲ့သည်။
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ လွတ်လပ်သော အာရှအသံ]

**စိုက်ပျိုးရေးဌာနပိုင်မြေအတွင်း ဝင်ရောက်ထွန်ယက်ခြင်းအတွက် လယ်သမားရှစ်ဦး ဖမ်းဆီး၊ အမှုဖွင့်ခံရ**

ဇွန်လ ၁ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်မှ လယ်သမားရှစ်ဦးသည် စိုက်ပျိုးရေးဌာနပိုင်မြေအတွင်း ဝင်ရောက်ထွန်ယက်ခြင်း အတွက် ဖမ်းဆီးခြင်းခံခဲ့ရသည်။ လယ်သမားများမှ ၎င်းတို့ ဘိုးဘွားပိုင်မြေအတွင်း ဝင်ရောက်ထွန်ယက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ စိုက်ပျိုးရေးဌာနဦးစီးအရာရှိ ဦးဌေးလင်းမှ လယ်သမားများအား ပိုင်နက်ကျူးကျော်မှု၊ ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ အားပေးကူညီမှု၊ ရာဇသတ်ကြီးပုဒ်မ ၁၁၄ တို့ဖြင့် ဝမ်းတွင်းမြို့မရဲစ ခန်းတွင် ဇွန်လ ၁ ရက်နေ့၌အမှုဖွင့်ခဲ့သည်။
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်၊ ဒီဗွီဘီ/မြန်မာ]

**တအောင်းတိုင်းရင်းသားနှစ်ဦးကိုRCSS/SSA မှ ဖမ်းဆီး**

ဇွန်လ ၂၂ ရက်နေ့တွင် ရှမ်းပြည်နယ် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)/ရှမ်းပြည်တပ်မတော် တောင်ပိုင်း (SSA-South) မှ နမ္မတူမြို့နယ်၊ လွယ်ပြင်းကျေးရွာအုပ်စု၊ နားစိုက်ကျေးရွာမှ မိုင်းအိုက်စံနှင့် မိုင်းညီအေးတို့ကို ဖမ်းဆီးသွားခဲ့သည်။ RCSS/SSA မှ ၎င်းတို့နှစ်ဦးအား လမ်းတွ င် ရိုက်နှက် ခေါ်ဆောင်သွားခဲ့သည်။ နောက်တနေ့တွင် မိုင်းညီအေးကို ပြန်လည်လွှတ်ပေးခဲ့သော်လည်း မိုင်းအိုက်စံကိုမူ ပြန်လည်လွှတ်ပေးခြင်းမရှိသေးပါ။ ဇွန်လ ၂၆ ရက်နေ့တွင် တအာင်းအမျိုးသားပါတီမှ ထိုကဲ့သို့ ဖမ်းဆီးခေါ်ဆောင်သွားသည့်အပေါ် ရှုံ့ချကြောင်း ကြေညာချက်တစ်စောင်ထု တ်ပြန်ခဲ့သည်။ ထို့ပြင် ကြေညာချက်ထဲ၌ လက်ရှိအချိန်ထိ ဖမ်းဆီးခံထားရသော တအာင်းပြည်သူ ၁၄ ဦးအထိရှိနေပြီး ပြန်လည် လွတ်မြောက်လာခြင်းမရှိသေးကြောင်း ဖော်ပြထားသည်။
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]

## ▪ တရားစွဲဆိုခံရခြင်းများ

### မကွေးအခြေစိုက် သတင်းထောက်သုံးဦး တရားစွဲဆိုခံရ

မကွေးမြို့အခြေစိုက် MGY ဂျာနယ် တာဝန်ခံအယ်ဒီတာ ဦးတင်ရွှေ၊ မြန်မာတိုင်းမ်နှင့် ဒီလိုင်းဂျာနယ် (ချောက်) သတင်းထောက် မဖူးပွင့်နေခြည်၊ ဒီမိုကရေစီတုဒေးဂျာနယ် သတင်းထောက် မဇာဇာစန်းတို့ သည် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့် အမှုဖွင့်ခြင်းခံခဲ့ရသည်။ ၎င်းတို့အား မကွေးမြို့နယ်၊ မယ်လှတောင်ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး ဦးဌေးလွင်မှ မကွေးမြို့၊ အမှတ် ၂ နယ်မြေရဲစခန်းတွင် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ ဦးတင်ရွှေ သည် သူ၏ လူမှုကွန်ရက် စာမျက်နှာ (Facebook) ၌ "မကွေးမြို့က အုတ်ဖုတ် လုပ်ငန်း တွေကို တာဝန်ရှိ သူတွေအနေနဲ့ ကွင်းဆင်းစစ်ဆေးဖို့နဲ့ ့ သစ်ပင် တွေကို ဘူဒိုဇာနှင့် ထိုးဖို့လုပ်နေတဲ့ အပေါ် မြင်းကင်း ကျေးရွာ သားတွေက ကန့်ကွက်နေကြောင်း " မေလ ၂၈ ရက်နေ့တွင် ရေးသားခဲ့သည်။ ထိုစာအောက်တွင် မဇာဇာစန်းမှ "မဖြစ်သင့် တာတွေ"ဟု မှတ်ချက်ချရေးသားခဲ့သည်။ မဖူးပွင့်နေခြည်အား မည်သည့်အတွက်ကြောင့် ထည့်သွင်းအမှုဖွင့်သည်ကို မသိရှိရပါ ဟု ဦးတင်ရွှေမှ ပြောကြားခဲ့သည်။ ရဲမှတ်တမ်းများအရ မယ်လ တောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဌေးလွင် ဦးဆောင် သောအဖွဲ့သည် ကျေးရွာလမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ် အဆိုပါ သတင်းထောက်သုံးဦးမှ တားမြစ်ခြင်း၊ တင်ရွှေ (မင်းဘူး) Facebook စာမျက်နှာတွင် ဦးဌေးလွင် ၏ ဂုဏ် သိက္ခာကျဆင်းစေသည့် အရေးအသားများ ရေးသားခြင်းတို့ ကြောင့် အမှုဖွင့်လှစ်တိုင်ကြားရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့မှတ် တမ်းတွင် ဖော်ပြထားသည်။ သတင်းသမားများ ကာကွယ်ရေး ကော်မတီမှ ထိုသတင်းထောက် သုံးဦးအား စွဲဆိုထားသော စွဲချက်များကို ရုပ်သိမ်းပေး ရန် တောင်းဆိုခဲ့သည်။ ဇွန်လ ၂၂ ရက်နေ့တွင် International Federation Journalists (IFJ)၊ မြန်မာ သတင်းစာဆရာများ အသင်း (MJA) တို့မှ ပူးပွဲကြေညာချက်ထုတ်ပြန်ခဲ့ပြီး ထိုစွဲချက်များကို ရှုံ့ချခဲ့သည်။ ထို့ပြင် သတင်းသမားများကို စွဲဆိုထားသော အသရေဖျက်မှု စွဲချက်အားလုံးကို အမြန်ဆုံးရုပ်သိမ်းပေးရန်လည်း တောင်းဆိုခဲ့သည်။

[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ ဧရာဝတီ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ The Voice/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ ဒီဗွီဘီ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ ဒီဗွီဘီ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ ဧရာဝတီ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ မဇ္ဈိမ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ 7 Day Daily/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ CPJ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၂ ရက်၊ International Federation of Journalists]

### စစ်ဘေးရှောင် ခြောက်နှစ်ပြည့် အခမ်းအနား ဦးဆောင်ကျင်းပသူ နှစ်ဦးကို တရားစွဲဆို

တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)တို့ အကြား တကျော့ပြန် တိုက်ပွဲဖြစ်ပွားခြင်းကြောင့် စစ်ဘေးရှောင် လာသည့် ခြောက်နှစ်ပြည့် အခမ်းအနားကို ဇွန်လ ၉ ရက်နေ့တွင် ဦးဆောင်ကျင်းပခဲ့ခြင်းအတွက် ဖားကန့်မြို့နယ်တရားရုံးမှ ဦးလမောင်လတောင်နှင့် ဦးလတုန်ဆောင်ဘောမ် တို့ကို ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဥပဒေ ပုဒ်မ ၁၉ ဖြင့် ဇွန်လ ၁၉ ရက်နေ့တွင် တရားစွဲဆိုခဲ့သည်။ သို့သော်လည်း ၎င်းတို့သည် တစ်ဦးလျှင် ဆယ်သိန်းကျပ်စီဖြင့် အာမခံရရှိခဲ့ သည်။ ၎င်းတို့သည် အခမ်းအနား ကျင်းပရန်အတွက် ဖားကန့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ရဲမှူး တို့ထံ အကြောင်း ကြားစာ ပေးပို့ခဲ့သော်လည်း ခွင့်ပြုချက် မယူ ပဲ ကျင်းပသည်ဟု ဆိုကာ တရားစွဲဆိုခံခဲ့ရခြင်းဖြစ် သည်။ ထိုအခမ်းအနားကို မော်ဝမ်း နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းခန်းမတွင် ကျင်းပခဲ့ ပြီး ကချင်ပြည်သူ လူထု ခုနှစ်ရာခန့်တက်ရောက်ခဲ့သည်။ ဇူလိုင်လ ၃ ရက်နေ့တွင် ၎င်းတို့ ရုံးချိန်းတက်ရောက်ရမည်ဖြစ်သည်။

[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ ဧရာဝတီ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်၊ မဇ္ဈိမ/မြန်မာ]

### သတင်းထောက်သုံးဦးအပါအဝင် အမျိုးသား ခြောက်ဦး ဖမ်းဆီး၊ အမှုဖွင့်ခံရ

ဇွန်လ ၂၆ ရက်နေ့တွင် စစ်တပ်မှ သတင်းထောက်သုံးဦး အပါ အဝင် အမျိုးသား ခြောက်ဦးအား နမ့်ဆန် -သီပေါကား လမ်းပေါ် တွင် လိုင်စင်မဲ့ကားနှစ်စီးနှင့် အတူ ဖမ်းဆီးခဲ့သည်။ ၎င်းတို့သည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ တအာင်း(ပလောင်) TNLA နယ်မြေ အတွင်း အပြည်ပြည်ဆိုင်ရာ မူး ယစ်ဆေးဝါး အလွဲသုံး စားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အ ဖြစ် မူးယစ်ဆေးဝါးများ ဖျက်ဆီးမှု အခမ်းအနား သို့ သွား ရောက်ပြီးအပြန်တွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ထိုသတင်း ထောက်သုံးဦးမှာ ဒီမိုကရက်တစ်မြန်မာ့အသံ (DVB) သတင်း ဌာနမှ အကြီးတန်းသတင်းထောက် ဦးအေးနိုင် နှင့် ဦးပြည့်ဘုန်း နိုင်၊ ဧရာဝတီသတင်းဌာနမှ သတင်းထောက် ဦးသိန်းဇော် (ခ) လဝီဝမ် တို့ဖြစ်ကြသည်။ ကျန်အမျိုးသားသုံးဦး၏ အမည်များကို မှု ထုတ်ပြန် ခြင်းမရှိသေးပါ။ ၎င်းတို့သည် မတရားအသင်းအဖြစ် သတ်မှတ်ခြင်းခံထားရပြီး တပ်မတော်နှင့် မကြာခဏတိုက်ပွဲများ ဖြစ်ပွားနေသော တအာင်းလွတ် မြောက်ရေးတပ်မတော် (TNLA) အဖွဲ့နှင့် ဆက်သွယ်ခဲ့သောကြောင့် ဖမ်းဆီးခံရခြင်းဖြစ်သည်။ ဇွန်လ ၂၈ ရက်နေ့တွင် ၎င်းတို့အား လားရှိုးမြို့နယ် ရဲစခန်းမှ သီပေါမြို့နယ် ရဲစခန်းသို့ လွှဲပြောင်းခဲ့ပြီး ခမရ ၅၀၃ မှ ဗိုလ်ကြီးသက်နိုင်ဦးမှ မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇(၁)ဖြင့် သီပေါရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။ ထို့နောက် ၎င်းတို့အား သီပေါအကျဉ်းထောင်သို့ ပို့ဆောင်ခဲ့သည်။ ဇွန်လ

၂၇ ရက်နေ့တွင် သတင်းဌာန ၂၅ ခု၊ သတင်းစာဆရာများအဖွဲ့အစည်း နှင့် သတင်းစာဆရာများကွန်ရက်တို့မှ နိုင်ငံ့ခေါင်းဆောင်များထံ အိတ်ဖွင့်ပေးစာတစ်စောင် ပူးတွဲပေးပို့ခဲ့ပြီး စစ်တပ်မှ ဖမ်းဆီးထားသော သတင်းထောက် သုံးဦးအား တရားစွဲဆိုခြင်းမပြုမီ အမြန်ဆုံး လွှတ်ပေးရန် တောင်းဆိုခဲ့သည်။ ထိုပေးစာထဲ၌ နိုင်ငံသားများ၏ အရေးပါမှုသည် တိုက်ပွဲများဖြစ်ပွားနေချိန်အတွင်း တိုင်းရင်းသားအဖွဲ့များနှင့် ပတ်သက်၍ သတင်းများ ရယူနိုင်ကြောင်းကို အလေးပေး ဖော်ပြထားသည်။ ထို့ပြင် ၎င်းတို့၏ ခြေအနေများကို မသိရှိရသေးသည့်အတွက် စိုးရိမ်ကြောင်းလည်း ဖော်ပြထားသ ည်။ ဇွန်လ ၂၇ ရက်နေ့တွင် သတင်းစာဆရာများ ကာကွယ်ပေးရေးကော်မတီမှ ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ပြီး သတင်းထောက်သုံးဦးကို အမြန်ဆုံး လွှတ်ပေးရန် တောင်းဆို ခဲ့သည်။ ဇူလိုင် ၁၁ ရက်နေ့တွင် ၎င်းတို့ကို သီပေါတရားရုံး၌ ရုံးထုတ်စစ်ဆေးမည်ဖြစ်သည်။

၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ ဒီဗွီဘီ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ Reuters
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ မြန်မာတိုင်း
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ Committee to Protect Journlist
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ BNI/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ Frontier Myanmar
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ ဒီဗွီဘီ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ Washington Post
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ ဗွီအိုအေ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊လွတ်လပ်သော အာရှအသံ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ The Voice/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ ဒီဗွီဘီ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ Reporters Without Borders
၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်၊ The New York Times

## ▪ ထိန်းသိမ်းခံရခြင်းများ

**The Voice နေ့စဉ်သတင်းစာ အယ်ဒီတာချုပ် ဆက်လက်ထိန်းသိမ်းခံရ**

ဇွန်လ ၂ ရက်နေ့တွင် The Voice နေ့စဉ်သတင်းစာ အယ်ဒီတာချုပ် ဦးကျော်မင်းဆွေသည် ဆောင်းပါးရှင် ဗြိတိသျှ ကိုကိုမောင် ခေါ် ကိုကျော်စွာနိုင်နှင့်အတူ အသရေဖျက်မှုစွဲချက်ဖြင့် ဖမ်းဆီးခြင်းခံခဲ့ရပြီး ဗဟန်းမြို့နယ်ရဲစခန်း၌ ထိန်းသိမ်းခြင်းခံခဲ့ရသည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို သရော် ထားသော ဆောင်းပါးနှင့် ပတ်သက်၍ မေလ ၁၇ ရက်နေ့တွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်၊ ရန်ကုန်တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး လင်းထွန်းမှ ၎င်းတို့နှစ်ဦးအား အမှုဖွင့်ခဲ့သည်။ ဇွန်လ ၁၆ ရက်နေ့ရုံးချိန်းတွင် ဗဟန်းမြို့နယ်တရားရုံးမှ ဦးကျော်မင်းဆွေ၏ အာမခံလျှောက်ထားမှုအား ဒုတိယအကြိမ် ပယ်ချခဲ့သည်။ နယ်စည်းမခြား သတင်းထောက်များအဖွဲ့မှ ဦးကျော်မင်းဆွေ လွတ်မြောက်ရေးအတွက် တိုက် တွန်းသောအားဖြင့် "မြန်မာနိုင်ငံ၏တရားရုံးများသည် စစ်တပ်မှ သတင်းစာဆရာများအား တရားစွဲဆိုခြင်းကို မကူညီနိုင်ပါ " ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ်ထုတ်ဝေခဲ့သည်။ ဇွန်လ ၂၃ ရက်နေ့ရုံးချိန်းတွင်လည်း ဗဟန်းမြို့နယ်တရားသူကြီးမှ မည်သည့်အကြောင်းပြချက်မျှမရှိပဲ ဦးကျော်မင်းဆွေ၏ အာမခံလျှောက်ထားမှုအား တတိယ အကြိမ်ပယ်ချခဲ့သည်။ ဒုတိယဗိုလ်မှူးကြီးလင်းထွန်းမှ ဦးကျော်မင်းဆွေနှင့် ဆောင်းပါးရှင် ဗြိတိသျှကိုကိုမောင်တို့အား စွဲချက်အသစ်ဖြင့် ထပ်မံတရားစွဲဆိုရန် ဗဟန်းမြို့နယ်တရားရုံးတွင် ဦးတိုက် ‌ေ လျှောက်ထားခဲ့သည်။ ဇွန်လ ၃၀ ရက်နေ့ရုံးချိန်းတွင် ဗဟန်းမြို့နယ်တရားရုံးမှ ဦးကျော်မင်းဆွေ၏ အာမခံကို အကြောင်းပြချက်ခိုင်လုံခြင်းမရှိဟုဆိုကာ လေးကြိမ်မြောက် ပယ်ချခဲ့သည်။ တရားလိုဖြစ်သူ ဒုတိယဗိုလ်မှူးကြီး လင်းထွန်းမှ ရုံးချိန်းသို့ လာရောက် စစ်ဆေးခံခဲ့ခြင်း မရှိသလို တရားခွင်လုံခြုံရေးအရ သတင်းမီဒီယာသမားများအား လည်း အကန့်အသတ်ဖြင့်သာ ဝင်ရောက် သတင်းရယူခွင့်ပြုခဲ့သည်။

၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၃ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၃ ရက်၊ The Voice/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၃ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၃ ရက်၊ အီလဲဗင်း
၂၀၁၇ ခုနှစ်၊ ဇွန်လ ၄ ရက်၊ Frontier Myanmar
၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်၊ ဒီဗွီဘီ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်၊ The Voice/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ ဒီဗွီဘီ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ Frontier Myanmar/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ Frontier Myanmar /မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်၊ Reporters without Borders
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၄ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ မြန်မာတိုင်း
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်၊ မဇ္ဈိမ/မြန်မာ

## ■ တရားရင်ဆိုင်ရခြင်းများ

**စစ်ပွဲအလိုမရှိပြဇာတ်အား လူမှုကွန်ရက်စာမျက်နှာတွင် တိုက်ရိုက်ထုတ်လွှင့်ခဲ့သူ အာမခံဖြင့် လွတ်မြောက်**

ဇွန်လ ၄ ရက်နေ့တွင် ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ်၊ လူ့အခွင့်အရေးလှုပ်ရှားသူများအဖွဲ့ဥက္ကဌ ဦးထွန်းထွန်းဦးသည် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) ဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ဇွန်လ ၅ ရက်နေ့တွင် ပုသိမ်မြို့နယ်တရားရုံးမှ သူ့အား ကျပ်သိန်းငါးဆယ်ဖြင့် အာမခံပေးခဲ့သောကြောင့် ပြန်လည်လွတ်မြောက်လာခဲ့သည်။ သူသည် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကြား ဖြစ်ပွားနေသော ပဋိပက္ခများကို ဝေဖန်ထားသည့် ပြဇာတ်အား သူ၏ လူမှုကွန်ရက်စာမျက်နှာတွင် တိုက်ရိုက်လွှင့်တင်ခဲ့ခြင်းအတွက် တရားစွဲဆိုခြင်းခံခဲ့ရသည်။ ဇွန်လ ၉ ရက်နေ့တွင် ပုသိမ်ဟိုတယ်၌ ကျင်းပခဲ့သော ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသား ကိုးဦးတို့သည် စစ်ပွဲအလိုမရှိပြဇာတ်ကို ကပြခဲ့သည်။ သူ့အား အနောက်တောင်တိုင်းစစ်ဌာနချုပ် စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီး အောင်မျိုးခိုင်မှ အီလက်ထရောနစ်ဥပဒေ ပုဒ်မ ၃၄(ဃ)ဖြင့် ကနဦးတွင် တရားစွဲဆိုခဲ့သော်လည်း ဥပဒေဌာနသို့ ထပ် မံအကြံတောင်းခံခဲ့ရာ ဥပဒေဌာနမှ အီလက်ထရောနစ်ဥပဒေ ပုဒ်မ ၃၄ (ဃ) အစား ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) သို့ ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ဦးထွန်းထွန်းဦးမှ သူ၏သားဖြစ်သူသည် ပြဇာတ် ကပြရာတွင် ပါ ဝင်ခဲ့သောကြောင့် လူမှုကွန်ရက်စာမျက်နှာတွင် တိုက်ရိုက်လွှင့် တင်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ ပြဇာတ်တွင် အဓိကသရုပ်ဆောင်ခဲ့သည့် ကိုအောင် ခန့်ဇော်နှင့် ကိုမြတ်သူထက်တို့မှာမူ ဆက်လက် အမှုရင်ဆိုင်နေရဆဲဖြစ်ပြီး ကျန်သည့် ကျောင်းသား ခုနစ်ဦးကိုမူ တရားရုံးမှ တရားရှင်လွှတ်ပေးခဲ့သည်။

၂၀၁၇ ခုနှစ်၊ ဇွန်လ ၄ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်၊ The Voice/မြန်မာ

**တပ်မတော်မှ ခရိုင်အထိ အယူခံတက် တရားစွဲ ဆိုခဲ့သည့် ကျောင်းသား ခုနစ်ဦးအမှု စတင်ကြားနာ**

ဇန်နဝါရီလ ၉ ရက်နေ့တွင် ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ်၊ ပုသိမ်ဟိုတယ်တွင် ကျင်းပခဲ့သော ငြိမ်းချမ်းရေး ဆွေးနွေးပွဲ၌ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကြား ဖြစ်ပွားနေသော ပဋိပက္ခများကို ပြဇာတ်ကပြခဲ့ခြင်းအတွက် ကျောင်းသားခုနစ်ဦးသည် အသရေဖျက်မှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၀ ဖြင့် ပုသိမ်ခရိုင်တရားရုံးတွင် ဇွန်လ ၁၄ ရက်နေ့၌ တရားရင်ဆိုင်ခဲ့သည်။ မေလ ၁၂ ရက်နေ့တွင် ပုသိမ်မြို့နယ် တရားရုံးမှ ၎င်းတို့အား စွဲဆိုထားသော စွဲချက်ကို တရားရှင်လွှတ်ပေးခဲ့သော်လည်း တပ်မတော်ကိုယ်စား တရားစွဲဆိုသည့် တရားလို ဒုတိယဗိုလ်မှူးကြီး အောင်မျိုးခိုင် (စစ်ဦးစီး ပထမတန်း) မှ ကျေနပ်မှုမရှိသည့်အတွက် ပုသိမ်ခရိုင်တရားရုံးသို့ အယူခံတက်ခဲ့ရာ ပုသိမ်ခရိုင်ရုံးမှ အယူခံကို လက်ခံခဲ့ပြီး ပထမဆုံးရုံးချိန်းအဖြစ် ဇွန်လ ၁၄ ရက်နေ့တွင် ကြားနာခဲ့ခြင်းဖြစ်သည်။ ပုသိမ်ခရိုင်တရားရုံးတွင် အမှုရင်ဆိုင်နေရသည့် ကျောင်းသား ခုနစ်ဦး၏အမှုကို ဇွန်လ ၂၃ ရက်နေ့တွင် ကြားနာမည်ဖြစ်ပြီး ပုသိမ်မြို့နယ်တရားရုံးတွင် စွဲချက်တင်ခံထားရသော ကျောင်းသား နှစ်ဦး၏အမှုကို ဇွန်လ ၂၈ ရက်နေ့တွင် ကြားနာမည်ဖြစ်သည်။ AAPP မှ ၎င်းတို့ အမှုကြားနာခြင်းနှင့် ပတ်သက်၍ သတင်းအချက်အလက်များ ရရှိပါက အစီရင်ခံတင်ပြမည်ဖြစ် သည်။

၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်၊ ဧရာဝတီ

- **ထောင်ဒဏ်ချမှတ်ခံရခြင်းများ**

**ဗကသကျောင်းသား ကိုနှင်းအောင်ကို ထောင်ဒဏ်နှစ်လ ချမှတ်**

ဇွန်လ ၂၇ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကိုင်မြို့နယ် တရားရုံးမှ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ ချုပ်မှ ကိုနှင်းအောင်အား ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်း လှည့်လည်ခွင့် ပုဒ်မ ၁၈ ဖြင့် ထောင်ဒဏ် တစ်လ၊ ရာဇသတ်ကြီးပုဒ်မ ၂၂၈ ဖြင့် ထောင်ဒဏ် တစ်လ သို့မဟုတ် ဒဏ်ငွေ နှစ်ရာကျပ်ပေးဆောင်စေရန် အမိန့် ချမှတ်ခဲ့သည်။ သူသည် ဒဏ်ငွေမပေးဆောင်သောကြောင့် ထောင်ဒဏ်တစ်လ တိုးသွားခဲ့ခြင်းဖြစ်သည်။ သူ သည် အလုပ်သမားအရေးကိစ္စနှင့် ပတ်သက်ပြီး စဥ့်ကိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝင်းအတွင်း ဆန္ဒဖော်ထုတ်ခဲ့ခြင်း ၊ တရားရုံးအား မထီမဲ့ မြင်ပြုခြင်းတို့အတွက် တရားစွဲဆိုခံခဲ့ရသည်။ ထို့ပြင် သူသည် အဆင့်ပညာဦးစီးဌာနရှေ့တွင် ကျောင်းအုပ်ချုပ်မှုစနစ်ကို ဆန့် ကျင် ဆန္ဒပြခဲ့ခြင်းအတွက် မေလ ၉ ရက်နေ့တွင် ထောင် ဒဏ်လေးလချမှတ်ခံခဲ့ရသော်လည်း မေလ ၂၄ ရက်နေ့တွင် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့် ရရှိခဲ့သည်။ သို့သော်လည်း ပြန်လည် လွတ်မြောက်ခြင်းမရှိခဲ့ပဲ ပုဒ်မ ၁၈၊ ပုဒ်မ ၂၂၈ စွဲချက်များဖြင့် ဆက်လက်ဖမ်းဆီးချုပ်နှောင်ခြင်းခံခဲ့ရသည်။
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ The Voice/မြန်မာ](#)
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ အီလဲဗင်း/မြန်မာ](#)

**ကချင်စစ်ပွဲ ခြောက်နှစ်ပြည့်အခမ်းအနား ဦးဆောင်စီစဉ်သူများကို ပြစ်ဒဏ် ချမှတ်**

ကချင်စစ်ပွဲ ခြောက်နှစ်ပြည့် ဆုတောင်းပွဲအခမ်းအနားအား ဦး ဆောင်စီစဉ်ခဲ့ခြင်းအတွက် ဇွန်လ ၁၃ ရက်နေ့တွင် မြစ်ကြီး နားမြို့နယ်တရားရုံးမှ ကချင်အမျိုးသား အတိုင်ပင် ခံအဖွဲ့ (WMR)မှ ဥက္ကဌ ဦးခွန်ဆိုင်း၊ အတွင်းရေးမှူး ဂမ်အောင်နှင့် ဦးဇော်ဂျတ်တို့ကို ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်း လှည့် လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ် ၁၅ ရက် သို့မဟုတ် ဒဏ်ငွေ သုံးသောင်းစီကျခံစေရန် ပြစ်ဒဏ် ချမှတ် ခဲ့သည်။ ၎င်းတို့သည် ဒဏ်ငွေကိုသာ ပေးဆောင်ခဲ့သည်။ ဇွန်လ ၁၂ ရက်နေ့တွင် မြို့နယ်ရဲမှူး ဦးသန်းဦးမှ တရားလို ပြုလုပ်ကာ ၎င်းတို့အား တရားစွဲခဲ့ခြင်းဖြစ်သည်။ ပြစ်ဒဏ်ချမှတ်ခံရသူတစ် ဦးဖြစ်သူ ဦးဇော်ဂျ တ်မှ ၎င်းတို့သည် အခမ်းအနား ကျင်းပရန် အတွက် ဇွန်လ ၆ ရက်နေ့တွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး မှူးရုံးနှင့် စီတာပူ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများထံ သို့ အကြောင်းကြားစာ ပေးပို့ပြီး ခွင့်ပြုမိန့်တောင်းခံခဲ့သော်လည်း ယခုကဲ့သို့ တရားစွဲဆိုခံရခြင်း ကြောင့် တရား မျှတမှုမရှိကြောင်း ပြောကြားခဲ့သည်။

စစ်ပြေးဒုက္ခသည် ရှစ်ထောင်ကျော်ခန့်သည် ၎င်းတို့ နေထိုင်ရာ ဒုက္ခသည်စခန်းမှ အခမ်းအနား ကျင်းပရာ မနောကွင်းသို့ "မြန်မာတပ်မတော် အလိုမရှိ၊ ထိုးစစ် အလိုမရှိ၊ တိုင်းပြည်တွင်း ကျူးကျော်စစ် အလိုမရှိ " စသည့် ပိုစတာများ ကိုင်ဆောင် ၍ လမ်းလျှောက်ချီတက်ခဲ့ကြသည်။
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်၊ ဧရာဝတီ](#)
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်၊ မဇ္ဈိမ/မြန်မာ](#)
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ BNI/မြန်မာ](#)

## ▪ ထောင်တွင်းအခြေအနေများ

**အိုးဘိုအကျဉ်းထောင်တွင် အကျဉ်းသား ခုနစ်ဦး တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်**

ဇွန်လ ၁၇ ရက်နေ့တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းအား ထုတ်ပြန်ခဲ့ပြီး အိုးဘိုအကျဉ်းထောင်တွင် အကျဉ်းသား ၁၁ ဦးအနက် ခုနစ်ဦး အောင်မြင်ခဲ့သည်။ လွန်ခဲ့သည့်နှစ်ကတည်းက မန္တလေး၊ အိုးဘိုအကျဉ်းထောင်တွင်းတွင် စာစစ်ဌာနများဖွင့်လှစ်ခဲ့ပြီး အကျဉ်းကျနေသော ကျောင်းသား များကို စာလေ့လာရန်နှင့် စာမေးပွဲများဖြေဆိုရန် ခွင့်ပြုခဲ့သည်။ ယခုနှစ်တွင် အိုးဘိုအကျဉ်းထောင်၌ ခြောက်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ၃၈ ဦး စာသင်ကြားလျက်ရှိပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသားများကိုမူ ကိုယ်ပိုင်စာသင်ခန်းပေးခဲ့ကြောင်း အကျဉ်းထောင် အာဏာပိုင်များ၏ ပြောကြားချက်အရ သိရှိရသည်။ ကျောင်းသားများသည် ကျောင်းဆရာများ၊ ဆရာဝန်များဖြစ်ခဲ့သော အကျဉ်းသားများထံမှ အကူအညီများရရှိခဲ့ပြီး ဒေသဆိုင်ရာ အထက်တန်းကျောင်းများမှ ကျောင်းဆရာများမှလည်း အကျဉ်းထောင်သို့ လာရောက်သင်ကြားပေးခဲ့သည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး တက္ကသိုလ်တက်ခွင့်မရှိသော ကျောင်းသားများသည် အဝေးသင်ပညာဆက်လက် သင်ကြားခွင့်ရှိသည်ဟု အကျဉ်းဦးစီး ဌာန၏ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုးမှ ပြောကြားခဲ့သည်။ ထို့ပြင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော ကျောင်းသားများအတွက် အဝေးသင် ပညာရေးကုန်ကျစရိတ်များကိုလည်း အကျဉ်းဦးစီးဌာနမှကျခံမည်ဖြစ်ကြောင်းလည်း
ပြောကြားခဲ့သည်။

[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ ဧရာဝတီ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်၊ ဧရာဝတီ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၁ ရက်၊ မြန်မာတိုင်း]

**အကျဉ်းသားများကျွေးမွေးစရိတ်တိုးမြှင့်ရေး မူအားဖြင့် သဘောတူထား**

မြန်မာတစ်ဝှမ်းလုံးရှိ အကျဉ်းထောင်များနှင့် အကျဉ်းစခန်းများရှိ အကျဉ်းသားများကို နေ့စဉ်ကျွေးမွေးရာတွင် တစ်ဦးချင်းစီအလိုက် ကုန်ကျနေသည့် ကုန်ကျစရိတ်ကို လာမည့်နှစ်မှစတင်ကာ တိုးမြှင့်ရေးအတွက် ပြည်ထောင်စုဘတ်ဂျက် စိစစ်ရေးအဖွဲ့မှ မူအားဖြင့် သဘောတူညီမှုရရှိထားပြီး ဖြစ်ကြောင်း အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုးမှ ဇွန်လ ၂၀ ရက်နေ့တွင် ပြောကြားခဲ့သည်။ လက်ရှိ အကျဉ်းထောင်နှင့်

အကျဉ်းစခန်းများတွင် ရှိနေသည့် အကျဉ်းသား ၇၀,၀၀၀ ကျော်ကို နေ့စဉ်ကျွေးမွေးနေသည့် စရိတ်မှာ တစ်နေ့လျှင် ကျပ်သိန်း ၄၂၀ ကျော်ရှိကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် လက်ရှိအသုံးစရိတ်သည် ခေတ်ကာလနှင့် ကိုက်ညီခြင်းမရှိသော်လည်း အကျဉ်းသားဦးရေများသည့်အချိန်တွင် ကုန်ကျသည့်ပမာဏ များသွားမည်ဖြစ်သည့်အတွက် အကျဉ်းသားဦးရေကို လျှော့ချသင့်ကြောင်းလည်း ပြောကြားခဲ့ပြီး သဘောတူထားသော ကုန်ကျစရိတ်ရရှိခဲ့လျှင် ပို၍ကောင်းမွန်သော အစားအစာများကျွေးမွေးမည်ဟု ကတိပြုခဲ့သည်။ အကျဉ်းသားဟောင်း ဦးမိုးဟိန်းမှလည်း ကျွေးမွေးစရိတ်တိုးမြှင့်ခြင်းထက် လွှတ်ပေးနိုင်သော အကျဉ်းသားများကို လွှတ်ပေးခြင်း၊ အကျဉ်းထောင်များတွင် ကုန်ကျနေသော စရိတ်များကို လျှော့ချပြီး ပညာရေး၊ ကျန်းမာရေး ကဏ္ဍတို့တွင် ပို၍ ဦးစားပေးလုပ်ဆောင်သင့်သည်ဟု ပြောကြားခဲ့သည်။

[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၁ ရက်၊ မြန်မာတိုင်း/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၂ ရက်၊ မြန်မာတိုင်း]

## ▪ ထောင်မှလွတ်မြောက်မှုများ

**The Voice နေ့စဉ်သတင်းစာ၏ ဆောင်းပါးရှင် ဗြိတိသျှ ကိုကိုမောင်ကို အမှုရုပ်သိမ်းပေး**

ဇွန်လ ၁၆ ရက်နေ့တွင် ဗဟန်းမြို့နယ်တရားရုံးမှ The Voice နေ့စဉ်သတင်းစာ၏ ဆောင်းပါးရှင် ဗြိတိသျှကိုကိုမောင် ခေါ် ကိုကျော်စွာနိုင်ကို စွဲဆိုထားတဲ့ ပုဒ်မနှင့် သက်ဆိုင်ခြင်းမရှိသောကြောင့် တရားသူကြီးမှ အမှုရုပ်သိမ်းပေးခဲ့ပြီး တရားသေ ပြန်လွှတ်ပေးခဲ့သည်။ ဇွန်လ ၂ ရက်နေ့တွင် The Voice နေ့စဉ်သတင်းစာ အယ်ဒီတာချုပ် ဦးကျော်မင်းဆွေနှင့် ဆောင်းပါးရှင် ဗြိတိသျှကိုကိုမောင် ခေါ် ကိုကျော်စွာနိုင်တို့ သည် အသရေဖျက်မှုစွဲချက်ဖြင့် ဖမ်းဆီးခံခဲ့ရပြီး ဗဟန်းမြို့နယ်ရဲစ ခန်း၌ ထိန်းသိမ်းခြင်းခံခဲ့ရသည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို သရော် ထားသော ဆောင်းပါးနှင့် ပတ်သက်ပြီး မေလ ၁၇ ရက်နေ့တွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်၊ ရန်ကုန်တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး လင်းထွန်းမှ ၎င်းတို့နှစ်ဦးအား အမှုဖွင့်ခဲ့သည်။ ဗြိတိသျှကိုကိုမောင်မှ ထိုဆောင်းပါးသည် ပြည်တွင်းစစ်ရပ်စဲစေရန် တိုက်တွန်းသောအားဖြင့်ရေးသားခြင်းဖြစ်သည်ဟု ရှင်းပြခဲ့သော်လည်း တပ်မတော်မှ ထိုသရော်စာကြောင့် တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေပြီး တပ်မတော် အတွင်းရှိ အထက်အောက် ရိုသေလေးစားမှု၊ အမိန့်နာခံဆောင်ရွက်မှုများကို ထိခိုက်စေမည်ကို စိုးရိမ်ခဲ့သည်။ ထို့ကြောင့် ၎င်းတို့နှစ်ဦးအား တရားစွဲဆိုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးဖမ်းဆီးခံခဲ့ရပြီးနောက် ၎င်းတို့၏ ဥပဒေအကြံပေးဖြစ်သူ ဦးခင်မောင်မြင့်မှ ရဲများအား ဖမ်းဝရမ်းမရှိပဲ ၂၄ နာရီထက်ပို၍ ထိန်းသိမ်းထားပါက ရဲများ၏ စည်းမျဉ်း၊ စည်းကမ်းများကို ချိုးဖောက်ခြင်းဖြစ်သည်ဟု သတိပေးခဲ့သည်။ ဇွန်လ ၃ ရက်နေ့၊ အစိုးရရုံးပိတ်ရက်တွင် ၎င်းတို့အား ဗဟန်းမြို့နယ်တရားရုံး၌ သီးသန့်ရုံးထုတ်ခဲ့သည်။ ထို့နောက် တရားသူကြီးမှ ဇွန်လ ၈ ရက်နေ့ ၎င်းတို့၏ နောက်တစ်ကြိမ်ရုံးချိန်းထိတိုင် ၎င်းတို့အား ထိန်းသိမ်းထားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဇွန်လ ၈ ရက်နေ့ရုံးချိန်းတွင်လည်း တရားသူကြီးမှ ဆေးစာမပါ၍ အထောက်အထားမပြည့်စုံဟု ဆိုကာ အာမခံကိုပယ်ချခဲ့ပြီး ဇွန်လ ၁၆ ရက်နေ့သို့ ရုံးချိန်းပြန်လည်ချိန်းဆိုခဲ့သည်။ ဥပဒေရေး ရာ ကျွမ်းကျင်သူများမှ အာမခံပယ်ချခြင်းမှာ ဥပဒေနှင့် မညီညွတ်ကြောင်း၊ ကျိုးကြောင်းဆီလျော်မှုမရှိကြောင်း ပြောကြားခဲ့သည်။ ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ သေဒဏ်၊ တစ်သက်တကျွန်းဒဏ်ကျခံနေရသူများကို အာမခံပြင်းပယ်ခွင့်ရှိပြီး မည်သည့် စွပ်စွဲခံရသူမဆို အသက် ၁၆ နှစ်အောက် သို့မဟုတ် ဖျားနာနေသူများကို အာမခံပေးနိုင်သည်ဟု ဖော်ပြထားသည်။ ဇွန်လ ၁၆ ရက်နေ့ ရုံးထုတ်ရာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ၎င်းတို့၏ သဘောထားကို သက်ဆိုင်ရာရဲစခန်းထံသို့ ပေးပို့ခဲ့သည်။ ပေးပို့ချက်အရ အယ်ဒီတာချုပ် ဦးကျော်မင်းဆွေကို ၆၆(ဃ)ဖြင့် တရားစွဲဆိုရန် ဝန်ကြီးဌာနက ခွင့်ပြုသည်ဟု ဖော်ပြထားပြီး ဆောင်းပါးရေးသားသူမှာမူ ပုံနှိပ်ထုတ်ဝေရန်အတွက် ရေးသားသည်ဟု ယူဆကာ အမှုနှင့် သက်ဆိုင်မှုမရှိကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် ဆောင်းပါးရေးသားသူ ဦးကျော်စွာနိုင် (ခ) ဗြိတိသျှကိုကိုမောင်အား အမှုဖွင့် အရေးယူထားသည့် ပုဒ်မ ၆၆(ဃ) ကို ဥပဒေရုံးအကြံပြုချက်အရ ရဲတပ်ဖွဲ့က ရုပ်သိမ်းကာ တရားခွင် မဝင်မီအချိန်တွင် ပြန်လွှတ်ပေးခဲ့သည်။

[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်၊ ဧရာဝတီ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်၊ မဇ္ဈိမ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်၊ ဧရာဝတီ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်၊ ဗွီအိုအေ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၃ ရက်၊ 7 Day Daily/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၃ ရက်၊ The Voice/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၃ ရက်၊ ဗွီအိုအေ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၃ ရက်၊ အီလဲဗင်း]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၄ ရက်၊ Frontier Myanmar]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်၊ ဒီဗွီဘီ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်၊ ဧရာဝတီ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်၊ လွတ်လပ်သော အာရှအသံ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်၊ ဘီဘီစီ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်၊ ဗွီအိုအေ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်၊ ဧရာဝတီ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်၊ ဧရာဝတီ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်၊ မဇ္ဈိမ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်၊ The Voice/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ ဒီဗွီဘီ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ ဒီဗွီဘီ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ Frontier Myanmar/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ မဇ္ဈိမ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ Frontier Myanmar /မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ ဗွီအိုအေ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ ဧရာဝတီ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ မြန်မာတိုင်း/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်၊ Reporters without Borders]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်၊ ဧရာဝတီ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်၊ မဇ္ဈိမ/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၄ ရက်၊ 7 Day Daily/မြန်မာ]
[၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ မြန်မာတိုင်း]

### ထိန်းသိမ်းခံထားရသော ကချင်တိုင်းရင်းသား ၄၉ ဦးအနက် ၄၈ ဦး လွတ်မြောက်

ဗန်းမော်ထောင်၌ ထိန်းသိမ်းခံထားရသော ကချင်တိုင်းရင်းသား ၄၉ ဦးအနက် ၄၈ ဦးသည် ဖွန်လ ၂၁ ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာခဲ့ သည်။ ၎င်းတို့ကို စတင်တရားစွဲဆိုစဉ်က မတရားအသင်းအက်ဥပဒေ ပုဒ်မ ၁၇(၁)ဖြင့် တရားစွဲဆိုခဲ့ပြီး နောက်ပိုင်းတွင် ရာဇသတ်ကြီးပုဒ်မ ၂၀၂ ပြစ်မှုကျူးလွန် ပြီး သတင်းပေးပို့ရန်ပျက်ကွက်မှုဖြင့် ပြောင်းလဲ တရားစွဲဆိုခဲ့သည်။ ၎င်းတို့သည် ပုဒ်မ ၂၀၂ ဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသော်လည်း ချုပ်ရက်စေ့သောကြောင့် ထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် နေ့တွင် စစ်တပ်မှ ၎င်းတို့အား ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) တွင် ပြည်သူ့စစ်သင်တန်းတက်ရောက်သည်ဟု စွပ်စွဲကာ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခဲ့ပြီး မတရားအသင်းနှင့် ဆက်သွယ်ခြင်း၊ ထိုအဖွဲ့နှင့်အတူ လက်နက်များ ကိုင်ဆောင်ခြင်းတို့အတွက် မတရားအသင်း အက်ဥပဒေဖြင့် တရားစွဲဆိုခဲ့သည်။ ကချင်လူမှုအဖွဲ့အအစည်းများ၊ ဘာသာရေး အဖွဲ့အစည်းများ၏ ဦးဆောင် စီစဉ်မှုဖြင့် ထိုလူငယ်များသည် စိုက်ပျိုးရေးသင်တန်းတက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ကချင်ပြည် ဒီမိုကရေစီပါတီ၏ ကိုယ်စားလှယ်များမှ ပြောကြားခဲ့သည်။ ကျန်ရှိသော အမျိုးသားတစ်ဦးမှာမူ တပ်ပြေးမှုဖြင့် ထောင်ဒဏ် ခုနှစ်နှစ်ချမှတ်ခြင်းခံခဲ့ရသည်။

၂၀၁၇ ခုနှစ်၊ ဖွန်လ ၂၂ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဖွန်လ ၂၃ ရက်၊ ဗွီအိုအေ/မြန်မာ

## ▪ နိုင်ငံရေးအကျဉ်းသားဟောင်းများ

**စစ်ကိုင်းပညာရေးကောလိပ်မှ ဒုတိယနှစ်သင်တန်းသား မောင်ဇော်ရဲထွဋ်ကို ကျောင်းပြန်တက်ခွင့်ပြု**

စစ်ကိုင်းပညာရေးကောလိပ်၌ ကျင့်သုံးနေသည့် ကျောင်းအုပ်ချုပ်မှုစနစ်ကို ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်ခဲ့သော စစ်ကိုင်းပညာရေးကောလိပ်မှ ဒုတိယနှစ်သင်တန်းသား မောင်ဇော်ရဲထွဋ်ကို အဆင့်မြင့်ပညာဦးစီးဌာနမှ ၎ ကျောင်းပြန်တက်ခွင့်ပြုခဲ့သည်။ ၎ ကျောင်းပြန်တက်ခွင့်ရရှိရန် ၎ ကာလိပ်တာဝန်ရှိသူများ၊ အဆင့်မြင့်ပညာဦးစီးဌာန တာဝန်ရှိသူ များ အဆင့်ဆင့် ညှိနှိုင်းခဲ့ရပြီး ကျောင်းပြန်တက်ခွင့်ရရှိသည်ဆိုသည်ကို ဇွန်လ ၁၄ ရက်နေ့တွင် သိရှိခဲ့ရသည်ဟု ကိုဇော်ရဲထွဋ်မှ ပြောကြားခဲ့သည်။ ၎ မေလ ၉ ရက်နေ့တွင် မန္တလေးတိုင်း၊ ချမ်းအေးသာစံမြို့နယ် တရားရုံးမှ ကျောင်းသားများဖြစ်ကြသော ကိုကောင်းဇော်ဟိန်း၊ ကိုဇော်ရဲထွဋ်၊ ကိုနင်းအောင်နှင့် ကိုရဲမျိုးဆွေတို့အား ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်း လှည့်လည် ခွင့်ဥပဒေ ပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ် သုံးလ၊ ဧပြီလ ၂၈ ရက်နေ့ ရုံးချိန်းတွင်း တရားခွင်အား သပိတ်မှောက်ခဲ့ပြီး နိုင်ငံရေးသီချင်းများ သံပြိုင် ကြွေးကြော်ခြင်းခဲ့ခြင်းအတွက် တရားရုံးအား မထီမဲ့မြင်ပြုမှု၊ ရာဇသတ်ကြီးပုဒ်မ ၄၈၀(၁) ဖြင့် ဒဏ်ငွေ နှစ်သောင်း သို့မဟုတ် ထောင်ဒဏ် တစ်လကျခံစေရန် ချမှတ်ခဲ့သည်။ သို့သော်လည်း မေလ ၂၄ ရက်နေ့တွင် ၎င်းတို့သည် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာခဲ့သည်။ လွတ်မြောက်လာပြီးနောက် မောင်ဇော်ရဲထွဋ်သည် သင်တန်းဝင်ခွင့်လမ်းညွှန် အပိုဒ် ၃၀ ပါ ပညာရေးကောလိပ်များ၏ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ပြစ်မှုများအနက် နိုင်ငံရေး ဆူပူမှုဆိုင်ရာ ပြစ်မှုကို ကျူးလွန်ခဲ့ပြီး တရားရုံးတော်မှ ပြစ်ဒဏ်ကိုပါ ခံခဲ့ရသဖြင့် ပြစ်မှုထင်ရှားသည့် ကျောင်းသားတဦးဖြစ်သည့်အတွက် မေလ ၁၈ ရက်နေ့မှ စတင်ကာ သင်တန်းသားအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း ကောလိပ်ကျောင်းအုပ်ကြီး ဒေါ်နီနီသန်းလက်မှတ်ဖြင့် သတင်းထုတ်ပြန်ခဲ့သည်။ ဇွန်လ ၄ ရက်နေ့တွင် တနိုင်ငံလုံးဆိုင်ရာ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးကွန်ရက် (NNER)၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ဗကသ) နှင့် ဆရာများသမဂ္ဂတို့ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ကိုဇော်ရဲထွဋ်ကျောင်းပြန်တက်ခွင့်ရရန်အတွက် တောင်းဆိုခဲ့ပြီး ပညာသင်ခွင့်ကို ဆိုင်းငံ့စေသော စည်းမျဉ်းများကို ပြင်ဆင်ရန်လည်း တောင်းဆိုခဲ့သည်။

၂၀၁၇ ခုနှစ်၊ ဇွန်လ ၁ ရက်၊ အီလဲဗင်း
၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်၊ မြန်မာတိုင်း
၂၀၁၇ ခုနှစ်၊ ဇွန်လ ၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၄ ရက်၊ The Voice/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၄ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်၊ မြန်မာတိုင်း
၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်၊ ဒီဗွီဘီ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်၊ မြန်မာတိုင်း
၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

**နိုင်ငံရေးအကျဉ်းသားဟောင်းများ ထောင်တွင်းအတွေ့အကြုံများကို ပြန်လည်ပြောကြား**

နိုင်ငံရေးအကျဉ်းသားဟောင်းများဖြစ်သော မပွင့်ဖြူလတ်နှင့် ကိုဇော်ဇော်လတ်တို့သည် ၎င်းတို့ အကျဉ်းကျခံနေရစဉ်တွင်း ကြုံတွေ့ခဲ့ရသည့် မန္တလေး၊ အိုးဘိုထောင်တွင်း အတွေ့အကြုံများကို ပြန်လည်ပြောကြားခဲ့ကြသည်။ အိုးဘိုထောင်တွင်း အကျဉ်းသားများ ပြည့်ကျပ်နေခြင်း၊ ပြစ်မှုပြန်လည်ကျူး လွန်ပြီး ထောင်ပြန်လည်ကျခံနေရသော အကျဉ်းသားနှုန်းများ မြင့်မားနေခြင်း၊ အကျဉ်းသားများ လွတ်မြောက်ပြီးနောက် ၎င်းတို့လူမှုပတ်ဝန်းကျင်တွင် ပြန်လည်အခြေချနိုင်မည့် အစီအစဉ်များမရှိခြင်းတို့ကို တွေ့ရှိခဲ့ကြသည်။ မပွင့်ဖြူလတ်နှင့် ကိုဇော်ဇော်လတ်တို့သည် ၂၀၁၃ ခုနှစ်တွင် ကချင်ပြည်နယ်၊ စစ်ဘေးရှောင်ဒုက္ခသည်စခန်း၌ ကိုဇော်ဇော်လတ်မှ ရိုင်ဖယ်သေနတ်ကိုင်ကာ ကချင်လွတ်မြောက်ရေးတပ်မတော်အဖွဲ့ဝင်များနှင့် တွဲရိုက်ထားသည့် ဓာတ်ပုံများ၊ ၂၀၁၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်သို့သွားရောက်ခဲ့စဉ်က ရိုက်ကူးထားသည့် ဓာတ်ပုံများကို လူမှုကွန်ရက်စာမျက်နှာတွင် ဝေမျှခဲ့ခြင်းအတွက် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် ဖမ်းဆီး၊ ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၎င်းတို့သည် ၁၉၄၇ ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေးဥပဒေ ၁၃(၁) ဖြင့် တရားစွဲဆိုခံခဲ့ရကာ ထောင်ဒဏ်နှစ်နှစ် ချမှတ်ခြင်းခံခဲ့ရပြီး ၂၀၁၆ ခုနှစ်၊ ဧပြီလတွင် မတရားအသင်းအက်ဥပဒေ ၁၇(၁)ဖြင့် ထောင်ဒဏ် နှစ်နှစ် ချမှတ်ခြင်းခံခဲ့ရသည်။ ၎င်းတို့သည် မန္တလေးတိုင်း၊ အိုးဘိုအကျဉ်းထောင်တွင် အကျဉ်း ကျခံနေရစဉ် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက် ခဲ့သည်။ ကိုဇော်ဇော်လတ်မှ အကျဉ်းထောင်တွင်း ရှိသင့်သည့်ပမာဏထက် အကျဉ်းသားဦးရေ နှစ်ဆခန့်ပိုမိုများပြားနေသောကြောင့် အကျဉ်းကျခံနေ ရစဉ်အတွင်း အိပ်ရန်အခက်အခဲကြုံခဲ့ရသည်ဟု ပြောကြားခဲ့သည်။ မပွင့်ဖြူလတ်သည် လည်း အမျိုးသမီးအဆောင်တွင်း အလားတူကြုံတွေ့ခဲ့ရသည်။ ထို့ပြင် ပြုပြင်မရသော အကျဉ်းသားဦးရေ များပြားနေသည်ကို ၎င်းတို့နှစ်ဦးလုံးမျက်မြင်တွေ့ရှိခဲ့သည်။ အကျဉ်းထောင်တွင်း ပညာပေးမှုဆိုင်ရာ အခွင့်အလမ်းများမရှိခြင်းကြောင့် မူးယစ်ဆေးဝါးသုံးစွဲသူများ၊ လိင်အလုပ်သမားများ နှင့် ခိုးဆိုးလုယက်သူများမှာ ထောင်မှပြန်လည် လွတ်မြောက်ပြီးနောက် ထပ်မံ၍ ပြစ်မှုကျူးလွန် နေကြသည်။ ပြစ်ဒဏ်ချမှတ် ခြင်းသည် ထိုအခြေအနေများကို ထိန်းသိမ်းရန် ထိရောက်သော နည်းလမ်းမဟုတ်ဟု ၎င်းတို့မှ ပြောကြားခဲ့သည်။ ထို့အတွက်

အစိုးရမှ များစွာကုန်ကျနေရပြီး ထိုအခြင်းအရာများမှ ၎င်းတို့၏ အပြုအမူများပြောင်းလဲရန် သင်ကြားခြင်းမပြုနိုင်ပါ။ ပြစ်ဒဏ်ချမှတ်မည့်အစား ဒဏ်ငွေ သို့မဟုတ် ပြုပြင်မှုပေးရန် အကြံပြုခဲ့သည်။ များစွာသော ရာဇဝတ်မှုကျူးလွန်သူများသည် ပြန်လွတ်လာသောအခါတွင်လည်း အလုပ်အကိုင် အခွင့်အလမ်း မရှိသောကြောင့် ရာဇဝတ်မှုများ ကျူးလွန်ရန် ဖိအားပေးခြင်းခံခဲ့ရသည်။

၂၀၁၇ ခုနှစ်၊ ဖွန်လ ၁၀ ရက်၊ မဇ္ဈိမ

**ဦးဝင်းတင်ဖောင်ဒေးရှင်းမှ နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် စာနယ်ဇင်းသမားများကို ထောက်ပံ့ငွေ များ ပေးအပ် လှူဒါန်း**

ဖွန်လ ၁၂ ရက်နေ့တွင် ဟံသာဝတီ ဦးဝင်းတင် ဖောင်ဒေးရှင်း၏ ၂၉ ကြိမ်မြောက် ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ကျင်းပခဲ့ပြီး နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် စာနယ်ဇင်းသမားများကို ထောက်ပံ့ငွေများ ပေးအပ် လှူဒါန်းခဲ့သည်။ ဖောင်ဒေးရှင်းမှ လက်ရှိ အကျဉ်းထောင်များတွင် အကျဉ်းကျနေသည့် နိုင်ငံရေးအကျဉ်းသား လေးဦး၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ဘဝတူ စာနယ်ဇင်းသမား ၁၁ ဦးကို တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းစီနှင့် NLD လူငယ်ဘုံရိပ်သာသို့ ငွေကျပ်သုံးသိန်း စုစုပေါင်း ၃၃ သိန်း လှူဒါန်းခဲ့သည်။ ထောက်ပံ့ငွေ ပေးအပ်ခြင်းကို ၂၀၁၂ ခုနှစ်မှ စတင်ခဲ့ကာ သုံးလတစ်ကြိမ် ပေးအပ်ပြီး ထောက်ပံ့ငွေ ၁၉၁၉ သိန်း ပေးအပ်ပြီးဖြစ်ကြောင်း သိရှိရသည်။

၂၀၁၇ ခုနှစ်၊ ဖွန်လ ၁၂ ရက်၊ The Voice/မြန်မာ
၂၀၁၇ ခုနှစ်၊ ဖွန်လ ၁၃ ရက်၊ အီလဲဗင်း

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**အရပ်သားများ ညှဉ်းပန်းနှိပ်စက်ခံရသော ဗွီဒီယိုကို စုံစမ်းစစ်ဆေးရန် ထုတ်ပြန်**

အရပ်ဝတ် ခြောက်ဦးအား စစ်သား ငါးဦးနှင့် စစ်ထောက်လှမ်းရေးတစ်ဦးတို့မှ စစ်ဆေး မေးမြန်းပြီး ညှဉ်းပန်းနှိပ်စက်နေသော ဗွီဒီယိုဖိုင်နှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမည်ဟု မေလ ၃၁ ရက်နေ့တွင် နိုင်ငံတော်အတွင်ပင်ခံရုံးမှ ထုတ်ပြန်ခဲ့သည်။ လူမှုကွန်ရက်စာမျက်နှာ (Facebook) တွင် ထုတ်ပြန်ခဲ့ သောကြေညာချက်ထဲတွင် ကျူးလွန်သူများအား တွေ့ရှိပါက အရေးယူမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ မေလ ၂၇ ရက်နေ့တွင် ၁၇ မိနစ်ကြာ ဗွီဒီယိုသည် ဆိုရှယ်မီဒီယာများကြား ပြန့်နှံ့သွားခဲ့သည်။ ထိုဗွီဒီယိုထဲတွင် စစ်သားများမှ နှိပ်စက်ခံရသူများကို တအာင်းလွတ်မြောက်ရေး တပ်မတော် (TNLA) အဖွဲ့ဝင်များဟု စွပ်စွဲပြီး စစ်ဆေးမေးမြန်းကာ ရိုက်နှက်၊ ကန်ကြောက်နေသည်ကို တွေ့ရှိရသည်။ ၂၀၁၅ ခုနှစ်တွင် ထိုအမှုကိစ္စဖြစ်ပွားခဲ့ကြောင်း TNLA မှ ပြောကြားသည်ကို ဧရာဝတီသတင်းဌာနအရ သိရှိရသည်။ မည်သည့်အချိန်တွင် စုံစမ်း စစ်ဆေးမှုပြုလုပ်မည် သို့ မဟုတ် မည်သည့်အချိန်တွင် စုံစမ်း စစ်ဆေးမှု ပြီးဆုံးလိမ့်မည်ကိုမှု ရှင်းလင်းစွာ မသိရှိရသေးပါ။

၂၀၁၇ ခုနှစ်၊ မေလ ၂၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဇွန်လ ၁ ရက်၊ Fortify Rights

**ရန်ကုန်တိုင်းတွင်း မြေယာ အငြင်းပွားမှု တစ်မှုမျှ အပြီးအပြတ် မရှင်းနိုင်**

ဇွန်လ ၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားသိမ်းဆည်းမှုများ ပြန်လည်စိစစ်ရေး ကော်မတီအတွင်းရေးမှူး ဦးသန်းမြင့်မှ မီဒီယာများနှင့် တွေ့ဆုံစဉ် ရန်ကုန်တိုင်းဒေသကြီးတွင်း မြေယာ အငြင်းပွားမှုတစ်မှုမျှ အပြီးအသတ် မဖြေရှင်း နိုင်သေးကြောင်း ပြောကြားခဲ့သည်။ ၎င်းမှ လယ်ယာမြေနှင့် အခြား သိမ်းဆည်းမှု များ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့တင်ပြထားသော အမှု ၅၉ မှုရှိ သည်ဟု ပြောကြားခဲ့သည်။ လယ်ယာမြေနင့် အခြားသိမ်းဆည်းမှု ပြန်လည် စိစစ်ရေးကော်မတီမှ ဗဟိုကော်မတီသို့ အမှုအား ဆက်လက် စစ်ဆေးရန် သို့မဟုတ် အမှုပိတ်သိမ်းရန်အတွက် အကြံပြုချက်များတင်ပြခဲ့သော်လည်း ဗဟိုမှ ဆုံးဖြတ်၍ ပြန်လည် ပေးပို့လာသည့် အမှုတစ်မှုမျှ မရှိကြောင်းလည်း ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်၊ The Voice/မြန်မာ

**မြန်တန်ဆောင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ပိတ်သိမ်းရန် ညွှန်ကြား**

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်ရှိ မြတန်ဆောင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ပိတ်သိမ်းရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဇွန်လ ၁ ရက်နေ့တွင် အကြောင်းကြားစာပေးပို့ခဲ့သည်။ ဇွန်လ ၂ ရက်နေ့တွင် ပညာရေးဌာန၊ မြို့နယ် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရဲတပ်ဖွဲ့ဝင်များသည် ကျောင်းသို့ရောက်ရှိလာပြီး လိုအပ်ပါက ကူညီမည်ဟု ပြောကြားခဲ့သည်။ ထိုကျောင်းတွင် ကျောင်းဆရာ၊ဆရာမ ဆယ်ဦးခန့်မှ မူလတန်းမှ ကိုးတန်းအထိ ကျောင်းသား၊ ကျောင်းသူ ၁၈၀ ခန့်အား တာဝန်ယူသင်ကြားပေးလျက်ရှိသည်။ မြတန်ဆောင်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ မတရားအသင်းအဖြစ်သတ်မှတ်ခြင်းခံထားရသော ရက္ခိုင့်တပ်မတော် (AA) ၏ ရှစ် နှစ်မြောက်အထိမ်းအမှတ်အဖြစ် ရက္ခိုင့်ဖလား ဘောလုံးပြိုင်ပွဲကို ဦးဆောင် ကျင်းပပြုလုပ်ခဲ့သောကြောင့် ဧပြီလ ၁၀ ရက်နေ့တွင် မြတန်ဆောင်း ဆရာတော် ဦးနန္ဒသာရနဲ့ ကိုခိုင်နီမင်း တို့သည် ဖမ်းဆီးခြင်းခံခဲ့ရသည်။

၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

**တကိုယ်တော်ဆန္ဒပြသူတစ်ဦး လယ်ယာမြေသိမ်းဆည်းမှုများကို ရှုံ့ချ**

ဇွန်လ ၃ ရက်နေ့တွင် နေပြည်တော်၊ တပ်ကုန်းမြို့နယ်၌ ဦးအေးသိန်း ခေါ် ဦးရန်နိုင်သည် တကိုယ်တော် ဆန္ဒထုတ်ဖော်ခဲ့သည်။ သူသည် လယ်ယာမြေ သိမ်းဆည်းမှုများကို ရှုံ့ချခဲ့ပြီး သိမ်းဆည်းခံလယ်ယာမြေများပြန်လည် ရရှိရေးအတွက်တောင်းဆိုခဲ့သည်။ ထို့ပြင် သိမ်းဆည်းလယ်ယာမြေ အမှု ၁၂ မှုနှင့် ပတ်သက်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်နှင့် တွေ့ဆုံဆွေးနွေးခွင့်ရရှိရန်လည်း တောင်းဆိုခဲ့သည်။ သူသည် နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်တွင် ဆန္ဒပြရန် စီစဉ်လျက်ရှိသကဲ့သို့ ရန်ကုန်မြို့တွင်လည်း သတင်းစာရှင်းလင်းပွဲပြုလုပ်ရန် စီစဉ်လျက်ရှိသည်။

၂၀၁၇ ခုနှစ်၊ ဖွန်လ ၃ ရက်၊ အီလဲဗင်း

**သတင်းလွတ်လပ်ခွင့်အတွက် သတင်းမီဒီယာများ စုပေါင်း၍ လက်ပတ်ဖြူ လှုပ်ရှားမှုစတင်**

သတင်းမီဒီယာ လွတ်လပ်ခွင့် ရရှိရေးအတွက် သတင်းဌာနအသီးသီးမှ သတင်း မီဒီယာသမားများသည် ဖွန်လ ၆ ရက်နေ့တွင် Orchid Hotel ၌ အစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးကို ဒီမိုကရက်တစ် မြန်မာ့အသံ (ဒီဗွီဘီ) မှ ကိုသံလွန်ဇေဖေါင်းထက်မှ ဦးဆောင်စီစဉ်ခဲ့ပြီး ၂၀ ဦး ပါ ဝင်သော သတင်းသမားများ ကာကွယ်ရေး ကော်မတီကို ထိုအစည်းအဝေး၌ ဖွဲ့စည်းခဲ့သည်။ ဖွန်လ ၆ ရက်နေ့တွင်ပင် ထိုကော်မတီမှ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး သတင်းမီဒီယာလွတ်လပ်ခွင့် ကို ထိပါးလျက်ရှိသော ပုဒ်မ ၆၆ (ဃ)နှင့် တရားမျှတမှုမရှိသည့် ဥပဒေများကို ဖျက်သိမ်း၊ ပြင်ဆင်ပေးရန်၊ အစိုးရ၊ တပ်မတော် နှင့် အာဏာပိုင် အဖွဲ့အစည်းများမှ ပုဒ်မ ၆၆ (ဃ) ဖြင့် စွဲဆို ထားသော အမှု များကို ချက်ချင်းရပ်ဆိုင်းရန်နှင့် တောင်းဆိုချ က်များ ရရှိရန် အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူများ ပူးတွဲ အကောင်အထည်ဖော်ရန်စသဖြင့် တောင်းဆိုခဲ့ သည်။ ထို့ပြင် သတင်းမီဒီယာ လွတ်လပ်ခွင့်အတွက် လက်ပတ်ဖြူလှုပ်ရှားမှုကို The Voice သတင်းစာ အယ်ဒီတာ ချုပ် နှင့် ကလောင် ရှင် ဗြိတိ သျှ ကိုကိုမောင် တို့ ရုံး ထုတ်မည့် ဖွန်လ ၈ ရက်နေ့တွင် စတင်ကာ ဆယ်ရက်တာ ပြုလုပ်ခဲ့သည်။ ဖွန်လ ၈ ရက်နေ့တွင် သတင်းမီဒီယာ သမား နစ်ရာကျော်သည် ဗဟန်းမြို့နယ်တရားရုံးမှ အီလဲဗင်းမီဒီယာဂရုနှင့် The Voice သတင်းဌာနများရှိရာသို့ ချီတက်လမ်းလျှောက်ခဲ့ကြသည်။ နောက်ပိုင်းတွင် ထိုလှုပ်ရှားမှုများကို ဗဟန်းမြို့နယ်တရားရုံးရှေ့နှင့် ရန်ကုန်မြို့တော်ခန်းမရှေ့တို့တွင် ကျင်းပခဲ့သည်။

၂၀၁၇ ခုနှစ်၊ ဖွန်လ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဖွန်လ ၆ ရက်၊ The Voice/မြန်မာ
၂၀၁၇ ခုနှစ်၊ ဖွန်လ ၆ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၇ ခုနှစ်၊ ဖွန်လ ၆ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဖွန်လ ၆ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဖွန်လ ၆ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၇ ခုနှစ်၊ ဖွန်လ ၇ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဖွန်လ ၇ ရက်၊ Frontier Myanmar
၂၀၁၇ ခုနှစ်၊ ဖွန်လ ၇ ရက်၊ ဒီဗွီဘီ
၂၀၁၇ ခုနှစ်၊ ဖွန်လ ၈ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဖွန်လ ၈ ရက်၊ US News
၂၀၁၇ ခုနှစ်၊ ဖွန်လ ၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဖွန်လ ၈ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဖွန်လ ၁၇ ရက်၊ အီလဲဗင်း
၂၀၁၇ ခုနှစ်၊ ဖွန်လ ၁၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဖွန်လ ၁၀ ရက်၊ မဇ္ဈိမ/မြန်မာ

**ပျက်စီးသွားသော လယ်ယာမြေများအတွက် လယ်သမားများ လျော်ကြေးတောင်းဆို**

ဖွန်လ ၈ ရက်နေ့တွင် မန္တလေးတိုင်း ဒေသကြီး၊ သပိတ်ကျင်းမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ် အတွင်းရှိ တောင်သူလယ်သမား ၉၀ နီးပါးမှ ထီးချိုင့်မြို့နယ်၊ မောင်းကုန်းကျေးရွာရှိ တကောင်းနီကယ်စက်ရုံမှ စွန့်ပစ်သော မြေစာပုံများကြောင့် ပျက်စီးသွားသော လယ်ယာမြေများအတွက် လျော်ကြေးပေးရန် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ ဆန္ဒပြရာတွင် ပါဝင်သော ဒေသခံ တောင်သူ ဦးထွန်းကြည်မှ စွန့်ပစ်ေ မစာများသည် လယ်ယာမြေများ အတွင်းသို့ နစ်စဉ်နှစ်တိုင်း ကျရောက်လျက်ရှိသည်ဟု ပြောကြားခဲ့သည်။ ၂၀၁၂ ခုနစ်ကတည်းက စတင်ကာ စက်ရုံမှ စွန့်ပစ်မြေစာများသည် လယ်ယာမြေ ဧက ၄၇၀ ကို နစ်စဉ် ဖုံးလွှမ်းလျက်ရှိပြီး ယခုနှစ်တွင်လည်း မြေစာဖုံးလွှမ်းသည့်ဒဏ်ကိုခံနေရလျက်ရှိသည်ဟု ေ တာင်သူများမှ ပြောကြား ခဲ့သည်။ ဆန္ဒပြသူများသည် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်မှ တကောင်းနီကယ်စက်ရုံရှေ့အထိ ချီတက်ဆန္ဒပြကြခဲ့ကြသည်။

၂၀၁၇ ခုနှစ်၊ ဖွန်လ ၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

**ပုဒ်မ ၆၆(ဃ) ပြင်ဆင်ရေး အမျိုးသား လွှတ်တော်တွင်း မေးမြန်းရန် NLD ပါတီ၏ မေးခွန်းများနှင့် အဆိုများ စိစစ်ရေးကော်မတီမှ ဆိုင်းငံ့**

ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ)ကို ပြင်ဆင် ဖြည့်စွက်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ အမှတ် (၅) မဲဆန္ဒနယ်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်မှ အမျိုးသား လွှတ်တော်တွင် မေးခွန်းမေးမြန်းခွင့် ရရှိရန် NLD ပါတီ၏ မေးခွန်းများနှင့် အဆိုများ စိစစ်ရေးကော်မတီသို့ တင်ပြခဲ့သော်လည်း ပါတီမှ ဒုတိယအကြိမ် ဆိုင်းငံ့ခဲ့သည်။ ပု ဒ်မ ၆၆ (ဃ) ပြင်ဆင်ဖြည့်စွက်ချက်များထဲတွင် အာမခံပေးရန်နှင့် ထောင်ဒဏ် အများဆုံး သုံး နှစ်မှ နှစ် နှစ်အထိ လျှော့ချ ပြင်ဆင်ပေးရန်စသည့် အချက်များမှာ ထင်ရှားသည်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဌ ဦးထွန်းထွန်းဟိန်မှ ရာဇဝတ်မှုမြောက်ခြင်းမရှိသော ဥပဒေပြဋ္ဌာန်းချ က်ကို ကြိုဆိုခဲ့သည်။ ပြန်ကြားဝန်ကြီးဌာနမှ အရိုတစ်ဦးဖြစ်သူ ဦးမျိုးမြင့်မောင်မှ ပြစ်မှုဆိုင်ရာ ပြစ်ဒဏ်များကို ဥပဒေမှ ဖယ်ရှားခဲ့သောကြောင့် ထိုဥပဒေကို အလွဲသုံးစားပြုလုပ်မှု ကျဆင်းလာလိမ့်မည်ဟု ပြောကြားခဲ့သည်။ ရှေ့နေချုပ်ရုံးမှလည်း အသရေဖျက်မှုများကို အာမခံပေးရန် မကြာသေးမီက အကြံပြုခဲ့သည်။ လွှတ်တော်တွင်းတွင် ထိုပြင်ဆင်ချက် များကို မကြာမီဆွေးနွေးမည်ဖြစ်သော်လည်း NLD ပြောရေးဆိုခွင့်ရှိသူ ဦးဝင်းထိန်မှ ထိုပုဒ်မကို အရေးတကြီး ပြင်ဆင်ရန် မလိုအပ်ပါဟု ပြောကြားခဲ့ သည်။

၂၀၁၇ ခုနှစ်၊ ဖွန်လ ၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဖွန်လ ၉ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဖွန်လ ၉ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၇ ခုနှစ်၊ ဖွန်လ ၉ ရက်၊ အီလဲဗင်း/မြန်မာ

၂၀၁၇ ခုနှစ်၊ ဖွန်လ ၁၂ ရက်၊ မြန်မာတိုင်း
၂၀၁၇ ခုနှစ်၊ ဖွန်လ ၁၂ ရက်၊ Coconuts

**ရခိုင်ပြည်နယ်တွင်းရှိ ပဋိပက္ခဒဏ်ခံနေရသော လူငယ်များ အကြောင်းရိုက်ကူးထားသောမှတ်တမ်းရုပ်ရှင် ပြသခွင့်မရ**

ဖွန်လ ၇ ရက်နေ့တွင် လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာ ရုပ်ရှင်ပွဲတော်ဘုတ်အဖွဲ့မှ ရုပ်ရှင်ပွဲတော်တွင် ပြသမည့် မှတ်တမ်းရုပ်ရှင် ၆၀ ကျော်ကို ထုတ်ပြန်ခဲ့သော်လည်း ရခိုင်ပြည်နယ်တွင်းရှိ ပဋိပက္ခဒဏ်ခံနေရသော လူငယ်များအကြောင်း ရိုက်ကူးထားသော စစ်တွေအမည်ရှိ မှတ်တမ်းရုပ်ရှင်မှာ အစိုးရရုပ်ရှင် စိစစ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိခဲ့ပါ။ ၁၈ မိနစ်ကြာ မှတ်တမ်းရုပ်ရှင်သည် ယဉ်ကျေးမှုအရ၊ ဘာသာရေးအရ မသင့်တော်သောကြောင့် မပြသင့်ကြောင်း ရုပ်ရှင်နှင့် ဗွီဒီယို စိစစ်ရေးအဖွဲ့မှ ရုပ်ရှင်ပွဲတော် စီစဉ်သူများထံသို့ စာပေးပို့အကြောင်းကြားခဲ့သည်။ ရုပ်ရှင်ပွဲတော်ကို ၂၀၁၃ ခုနှစ်ကတည်းက ကျင်းပခဲ့ခြင်းဖြစ်ပြီး ပထမ သုံးနှစ်တွင် မည်သည့် ရုပ်ရှင်မှ ပိတ်ပင်ခြင်းမခံခဲ့ရပါ။ ၂၀၁၆ ခုနှစ်တွင် နိုင်ငံရေး ရုပ်ရှင်ဖြစ်သည့် “Twilight Over Burma: My Life as a Shan Princess” ရုပ်ရှင် ကားသည် ပထမဦးစွာ ပိတ်ပင်ခြင်းခံခဲ့ရသည်။ ယခုနှစ် ရုပ်ရှင်ပွဲတော်ကို မြန်မာနိုင်ငံ ပုံပြင်စာအုပ် (Burma Storybook) အမည်ရှိ နိုင်ငံရေး အကျဉ်းသားဟောင်း ကဗျာဆရာ မောင်အောင်ပွင့် အကြောင်း ရိုက်ကူးထားသော ရုပ်ရှင်ဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။
၂၀၁၇ ခုနှစ်၊ ဖွန်လ ၇ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဖွန်လ ၈ ရက်၊ Frontier Myanmar
၂၀၁၇ ခုနှစ်၊ ဖွန်လ ၉ ရက်၊ ဧရာဝတီ/မြန်မာ

**စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်နှင့် ကျေးတောကျေးရွာမှ လယ်သမားများ လေးကြိမ်မြောက် ဆန္ဒဖော်ထုတ်**

